# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၁း၃၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၈-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၇၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၃၁ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားကြပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင် ခွင့် ၁ ရက်၊

(၃) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၃ ရက်၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဒွေးဝင်း ခွင့် ၁ ရက်၊

(၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၆) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၃ ရက်၊

(၇) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၈) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၁၀) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၁) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၁၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၁၃) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်နှင့်

(၁၄) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

## မူကြမ်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးနှင့် အားကစားစွမ်းရည် မြင့်မားနိုင်စေရေးအတွက် မြို့နယ်အဆင့် အားကစားကွင်းနှင့် အားကစားရုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမြင့်သူ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်သူ[ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်]။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၈၉ ခုနှစ်မှစတင်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အားတည်ထောင်ခဲ့ပြီးနောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ မြို့နယ်အဆင့် အားကစားကွင်း နှင့် မြို့နယ်အားကစားရုံတည်ဆောက်ပေးခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှစတင်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အဖြစ် သီးခြားခွဲထွက်တည်ဆောက်ပေးခဲ့သော်လည်း မြို့နယ်အားကစားကွင်းနှင့် မြို့နယ် အားကစားရုံအား တည်ဆောက်ပေးခဲ့ခြင်းမရှိခဲ့ပါ။ ယခုအခါ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း မြို့နယ်အကျယ်အဝန်းမှာ ၃၅.၁၄၈ စတုရန်းမိုင် ဧကကျယ်ဝန်းပြီးတော့ ရပ်ကွက်/ကျေးရွာစုစုပေါင်း ၃၁ ခု၊ ရပ်ကွက် ၂၈ ခုနဲ့ ကျေးရွာတစ်ခု၊ ကျေးရွာအုပ်စုတစ်ခု စုစုပေါင်း လူဦးရေ ၂၈၃၀၀၂ တို့နှင့် အိမ်ခြေပေါင်း ၂၅၉၉၀ ဖြစ်ပြီးတော့ လူဦးရေပေါင်း ၁၃၄၂၈၅ ရှိပါတယ်။ ၁၉၉၄ ခုနှစ်မှ ယနေ့တိုင် အနှစ် ၂၀ ရှိပါပြီ။ မြို့နယ်အဆင့်အားကစားကွင်းနှင့် မြို့နယ်အားကစားရုံတည်ဆောက်ပေးခဲ့ခြင်းမရှိ သေးပါဘူး။

ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးထိ မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ အသီးသီးအားကစားဝန်ကြီးဌာနသို့ အားကစားကွင်းရရှိရေးနှင့် ပတ်သက်ပြီးမေးခွန်းများမေးမြန်း၍ လိုအပ်ချက်များတင်ပြတောင်းခံခဲ့ရာ သက်ဆိုင်ရာအားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲကြီး ကျင်းပမည်ဖြစ်ပါသောကြောင့် ဘတ်ဂျက်လိုအပ်ချက်အရ မစဉ်းစားနိုင်ပါသေးကြောင်း ခေတ္တဆိုင်းငံ့ပေးပါရန် မေးခွန်းများတွင် ဖြေကြားခဲ့ပါတယ်။

ဒါ့ကြောင့်မို့လို့ ယခုအချိန်မှာ မြို့နယ်အတွင်းမှာ ပြည်သူလူထုရဲ့တောင်းဆိုချက်အရ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး အပျော်အပါးကိစ္စရပ်များ တားဆီးနိုင်ရေးအတွက် အားကစားစွမ်းရည်မြင့်မားနိုင်ရေးအတွက် ကြိုးစားအားထုတ်လိုပါသဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်း မြို့နယ်အဆင့်အားကစားကွင်းနှင့် မြို့နယ် အားကစားရုံများတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလ တွင်တည်ဆောက်ပေးနိုင်မည်ကို သိလိုပါတယ်။ မဆောင်ရွက်ပေးနိုင်ပါကလည်း မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်တာကိုသိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

**ရေးမြို့နယ်အားကစားကွင်းကို ခေတ်မီအားကစားကွင်းအဖြစ်ပြုပြင်ပေးရန်နှင့် မြို့နယ်ခွဲအားကစားကွင်းများကိုလည်း စံချိန်မီအောင်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ရေးမြို့နယ်ဟာ လူဦးရေထူထပ်တဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ လူငယ်လူရွယ်များ အပန်းဖြေအားကစားဆောင်ရွက်နိုင်ဖို့အတွက် အားကစားကွင်းများလည်း လိုအပ်လျက်ရှိနေပါတယ်။ လူငယ်လူရွယ်များဟာ အားလပ်နေရင် စာဖတ်ခြင်း၊ ဘောလုံးကန်ခြင်း၊ ဘောလီဘောကစားခြင်းစသဖြင့် စိတ်အပန်းဖြေရန် နေရာများစွာလိုအပ်လျက်ရှိနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်မမေးမြန်းချင်တဲ့မေးခွန်းက ကျွန်မတို့ရဲ့ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲများဖြစ်သော ခေါဇာမြို့နယ်ခွဲနှင့် လမိုင်းမြို့နယ်ခွဲအားကစားကွင်းကို စံချိန်မီပြုပြင်ဆောင်ရွက်နိုင်ဖို့ အစီအစဉ်ရှိ/မရှိ၊ နောက်တစ်ခုက ရေးမြို့နယ်၏အားကစားကွင်းကို ခေတ်မီသောအားကစားကွင်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိလျှင် မည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပြီး အစီအစဉ်မရှိလျှင် အဘယ့်ကြောင့် အစီအစဉ်မရှိတာကို ပြည်သူများကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြောက်ဦးမြို့နယ်ရှိ ကျိုးပေါက်ပျက်စီးနေသော ကုလားပုန်းကျွန်းဆည်တာတမံအား ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် အနောက်တောင်ဘက်မှာရှိတဲ့ ကုလားပုန်းကျွန်းဆည်တာတမံအတွင်း စုစုပေါင်းကျေးရွာငါးရွာတည်ရှိပါတယ်။ စိုက်ပျိုးမြေဧက ၆၆၀၀ ကျော်ရှိပါတယ်။ ထိုတာတမံဟာ ကုလားတန်မြစ်ကမ်းစပ်တွင်တည်ရှိပြီးတော့ တောင်ဘက်တွင် ပေါက်တောမြို့နယ်၊ အနောက်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။

ကုလားပုန်းကျွန်းဆည်တာတမံကို လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်ခန့်က နိုင်ငံတော်ခွင့်ပြုငွေဖြင့် လယ်မြေများဆားငံရေမဝင်ရန် တာတမံကာဆီးထားခြင်းဖြစ်ပြီး အရှည် ၁၆ မိုင် ၃ ဖာလုံရှိပါတယ်။ ဆည်အတွင်း ရေစီးရေလာရေလွှဲပေါက် ၆ ပေအကျယ် လေးပေါက်နှင့် ရေတံခါးမကြီးတစ်ခုကို တပ်ဆင်ထားခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်တွင် ရေတံခါးမကြီးပျက်စီးခဲ့သဖြင့် ရေထွက်ပေါက်ကို ရေတံခါးမတပ်ဆင်ဘဲ မြေသားပိတ်ဆို့ထားခဲ့ပါတယ်။ ရေတံခါးပေါက်ရှိစဉ် မိုးရာသီကာလအတွင်း ရေလျှံမှုကြောင့် စပါးခင်းများပျက်စီးမှုများရှိ၍ နှစ်စဉ်ချောင်းပေါက် တစ်ပေါက် သို့မဟုတ် နှစ်ပေါက်ကို ရေထွက်ပေါက်အဖြစ် အသုံးပြုခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ခန့်မှ ရေကြီးရေလျှံသဖြင့် ခါးမနိုင်

ချောင်း၊ ဇီးပင်ကြီးချောင်း၊ ကုလားပုန်းချောင်းတို့မှာ ဆည်ပေါက်ခဲ့ပြီး ယနေ့တိုင် ရေဝင်ရေထွက်လျက်ရှိပါတယ်။ မူလတာပေါင်ရိုးမှာလည်း နှစ်ကာလကြာရှည်လာသဖြင့် အဖက်ဖက်မှ ယိုယွင်းပျက်စီးလျက်ရှိပါတယ်။

တာတမံကြိုးပေါက်နေသည့်အတွက် ဆည်အတွင်းရှိ လယ်မြေများ၊ နွေရာသီတွင် ဆားငံရေဝင်ရောက်သဖြင့် စပါးအထွက်နှုန်းလျော့နည်းခြင်း၊ ကျွဲ၊ နွားများ သောက်သုံးရန် ရေချိုချောင်းများမရှိခြင်း၊ ဆောင်းသီးနှံမစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ဒေသခံများမှာ သီးထပ်သီးညှပ်စိုက်ပျိုးရန် အလွန်အခက်အခဲရှိနေပါတယ်။ အဆိုပါတာတမံအား နိုင်ငံတော်ခွင့်ပြုငွေဖြင့် စံချိန်စံနှုန်းနှင့်အညီ ထပ်မံဆည်ဖို့ပြီး လုံလောက်သောရေတံခါးများ တပ်ဆင်ပေးပါက ဆည်တာတမံအတွင်း လယ်ယာလုပ်ကိုင်နေထိုင်လျက်ရှိကြသော ကျေးရွာငါးရွာမှ ကျေးရွာသူ/ကျေးရွာသားများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါကြောင်း ဒေသခံများကိုယ်စား တင်ပြအပ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြောက်ဦးမြို့နယ်ရှိ ကျိုးပေါက်ပျက်စီးနေသော ကုလားပုန်းကျွန်းဆည်တာတမံအား ထပ်မံဆည်ဖို့ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည် ခင်ဗျား။ အားလုံးရွှင်လန်းကြပါစေ။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်သုံးဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူ မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ မေးခွန်းပါ မြို့နယ်အဆင့်အားကစားကွင်းနှင့်မြို့နယ်အားကစားရုံများကို

လောလောဆယ်မှာ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ တင်ပြတောင်းခံပြီးတော့ ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်အတွင်းရှိ မြို့နယ်အဆင့်အားကစားကွင်းနှင့် အားကစားရုံများကို ဦးစားပေးအဆင့်အလိုက် တည်ဆောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ်အားကစားကွင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ကျပ်သိန်း ၂၀၀ နှင့် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သိန်း ၅၀၀ စုစုပေါင်း ငွေကျပ်သိန်း ၇၀၀ နှင့် ဆောင်ရွက်ရန်အတွက် ရန်ပုံငွေတင်ပြထားပြီး ဖြစ်ပါတယ်။

လောလောဆယ်မှာ မြို့နယ်အားကစားကွင်း/အားကစားရုံများကိုသာ ဦးစားပေးအဆင့်အလိုက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် မြို့နယ်ခွဲများမှာရှိတဲ့ အားကစားကွင်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ မြို့နယ်အဆင့်အားကစားကွင်း/အားကစားရုံများ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက စံချိန်မမီသော မြို့နယ်ခွဲများရှိ အားကစားကွင်းများကို စံချိန်မီပြုပြင်ပေးနိုင်ရန်အတွက် ရန်ပုံငွေတင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ မြောက်ဦးမြို့နယ်၊ ကုလားပုန်းကျွန်းပတ်ရေငန်တားတာဟာ ရခိုင်ပြည်နယ်၊ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားတဲ့ ရေငန်တားတမံဖြစ်ပြီးတော့ အလျား ၁၆.၅ မိုင်၊ ရေဘေးကာကွယ်ရေးဧရိယာ ၈၇၃၀ ဧကနဲ့ မိုးစပါးစိုက်ဧက ၆၄၃၀ ဖြစ်ပြီးတော့ ရေဘေးကာကွယ်ရေးဧရိယာအတွင်း နတ်ချောင်း၊ ညောင်ပင်လယ်၊ ဇီးပင်ကြီးကျေးရွာအုပ်စုများပါဝင်ပါတယ်။

အဆိုပါရေငန်တားတာကို ၁၉၇၀-၁၉၇၁ ခုနှစ်က မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း(A.R.D.C) ကနေပြီးတော့ ကုလားပုန်းကျွန်းပေါ်ရှိ ကျေးရွာငါးရွာနှင့် မိုးစပါးလယ်မြေများကို ပင်လယ်ဆားငန်ရေဝင်ရောက်မှုမှ ကာကွယ်ရန် တည်ဆောက်ပေးခဲ့ပါတယ်။ နှစ်ပေါင်း ၄၃ နှစ်ကြာမြင့်ခဲ့တဲ့တာဖြစ်ပြီးတော့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ခွင့်ပြုရန်ပုံငွေနဲ့ ထိန်းသိမ်းပြုပြင်ခဲ့သော်လည်း နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ မုန်တိုင်းနှင့် မုန်တိုင်းဒီရေများ၊ ထူးကဲဒီရေများကြောင့် ကျိုးပေါက်ပျက်စီးခြင်း၊ ရေကျော်တိုက်စားခံရခြင်း၊ တာထိပ်နိမ့်ကျခြင်း၊ တာလျော့အိခြင်းတို့ကိုနှစ်စဉ်ကြုံတွေ့ရလေ့ရှိပါတယ်။ ကုလားပုန်းကျွန်းပတ်တာမှာ မူလရေတံခါးမရှိတဲ့အတွက်ကြောင့် မိုးများကာလများတွင် ပိုလျှံရေများကို ထုတ်လုပ်နိုင်ရန် ၅ ပေ၊ ၆ ပေ ငါးပေါက်ရေတံခါးနှစ်လုံး တည်ဆောက်ရန်နှင့် ကုလားပုန်းကျွန်းရေငန်တားတာ တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းကို မြေကျင်းပေါင်း ၂၀၀၀၀၀ ဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။ တာပုံစံကျပြုပြင်ခြင်းနှင့် ၅ ပေ၊ ၆ ပေ ငါးပေါက် ရေတံခါးနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုလုံးအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁၆၀၀ ကုန်ကျမှာဖြစ်ပါတယ်။

အဆိုပါ ကုလားပုန်းကျွန်းရေငန်တားတာဟာ ပြည်ထောင်စုအစိုးရအုပ်ချုပ်မှုအောက်မှာရှိတဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျခံဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်ရေးဆွဲတင်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မော်တော်ယာဉ်တင်သွင်းမှုများပြားခြင်းကြောင့် မော်တော်ယာဉ်များရပ်နားရန်အတွက် ရန်ကုန်၊ မန္တလေးမြို့များရှိ ဌာနဆိုင်ရာမြေများတွင် ယာဉ်ရပ်နားစခန်းများ ဆောက်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ နိုင်ငံတော်က မော်တော်ယာဉ်တင်သွင်းခွင့်ပုံစံသစ်ကြောင့် ရန်ကုန်မြို့လယ်မှာ ယာဉ်မျိုးစုံ အများအပြားဝင်ရောက်လာပြီး ရန်ကုန်တိုင်းဒေသကြီး Down Town ဧရိယာများဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊

လမ်းမတော်မြို့နယ်တွေမှာ နေထိုင်ကြတဲ့ ပြည်သူလူထုအနေနဲ့ နေ့စဉ်လိုပဲ မိမိတို့အိမ်မှာ အသုံးပြုနေတဲ့ မော်တော်ယာဉ်များ ရပ်နားနိုင်ရေးအတွက် သောကရောက်နေကြရပါတယ်။ မိမိတို့နေထိုင်သောလမ်းတွေမှာ မော်တော်ယာဉ်တင်သွင်းရောင်းချသူများကလည်း ယာဉ်ငါးစီး၊ ၁၀ စီး စသဖြင့် ရပ်နားပြီး ရောင်းဝယ်မှုများပြုလုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ မည်သည့်အဖွဲ့အစည်းကမှ အရေးယူဆောင်ရွက်ခြင်းမရှိခဲ့ပါ။ မော်တော်ယာဉ်တင်သွင်းမှုများပြားလာသည်နှင့်အမျှ လမ်းများတွင် ပွတ်သိပ်နေသောကားများကြောင့် လမ်းအသုံးပြုနေသူများ အထူးအန္တရာယ်ရှိသလို ယာဉ်ရပ်နားရန် အခက်အခဲများကြောင့် ခိုက်ရန်ဖြစ်ပွားမှုများလည်း မကြာခဏတွေ့ကြုံနေရတာကို တွေ့ရှိရပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေမှာ မိမိနိုင်ငံမှာ စက်ရုံထူထောင်ပြီး ထုတ်လုပ်ရောင်းချတဲ့ ကားများကိုသာ ရောင်းချခွင့်ပြုသဖြင့် မိမိနိုင်ငံအတွက် အလုပ်အကိုင်နှင့် နည်းပညာအခွင့်အလမ်းများရရှိပြီး ကားတင်သွင်းမှုကိုလည်း ထိန်းညှိထားနိုင်တယ်လို့ ကြားသိရပါတယ်။ ကားများထားရှိရေးအတွက်လည်း ယာဉ်ရပ်နားစခန်းများကို အနီးစပ်ဆုံးနေရာတွေမှာ ဆောက်လုပ်ထားရှိကြောင်းကိုလည်းကြားသိရပါတယ်။

သို့ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) ရန်ကုန်မြို့ Down Town ဧရိယာများတွင် မော်တော်ယာဉ်တင်သွင်းမှုများပြားလာခြင်းကြောင့် မော်တော်ယာဉ်ရပ်နားရန် အခက်အခဲရှိနေသည်ကို အစိုးရအဖွဲ့မှသိရှိပါသလား။ (၂) မော်တော်ယာဉ်တင်သွင်းခွင့်ပေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မော်တော်ယာဉ်များကို လက်ခံထိန်းသိမ်းကြီးကြပ်နေတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အကြားမှာ ညှိနှိုင်းဆောင်ရွက်ထားမှုများရှိ/မရှိ။ (၃) မော်တော်ယာဉ်ရပ်နားရန်အတွက် အဆောက်အဦများဆောက်လုပ်နိုင်ရန် မြေနေရာအလွန်ရှားပါးသော ရန်ကုန်မြို့၊ မန္တလေးမြို့တို့ကဲ့သို့ မြို့ကြီးများတွင် ဌာနဆိုင်ရာမြေနေရာများတွင် ယာဉ်ရပ်နားစခန်းများ ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်ထားရှိခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ မော်တော်ယာဉ်တင်သွင်းမှုများလာခြင်းကြောင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်း လမ်းကြပ်တည်းမှုနှင့် ယာဉ်ရပ်နားရန် အခက်အခဲရှိလာမှုနှင့် ပတ်သက်ပြီးတော့ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီအနေနဲ့ မော်တော်ယာဉ်အရောင်းစင်တာများ၊ အရောင်းပြခန်းများ ခွင့်ပြုမိန့်လျှောက်ထားရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ စည်ပင်သာယာရေးကော်မတီတို့မှ ခွင့်ပြုချက်ရရှိပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါတယ်။ အငှားယာဉ်များ တင်သွင်းရန်အတွက်လည်း လျှောက်ထားရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်ရရှိမှသာ ခွင့်ပြုပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်များအား ခွင့်ပြုတဲ့အခါမှာ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီအနေနဲ့ တင်သွင်းခွင့်ပြုတဲ့ လုပ်ထုံးလုပ်နည်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းဆောင်ရွက်နေသလို ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်း မော်တော်ယာဉ်တင်သွင်းမှုအခြေအနေများအား အမြဲမပြတ်တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ လေးထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံတွေမှာ ဆောက်လုပ်ခွင့်လျှောက်ထားတဲ့အခါမှာ ဆောက်လုပ်မယ့်မြေကွက်အကျယ်စတုရန်းပေ ၂၅၀၀ ပေ နဲ့အထက် မြေကွက်များမှာ မြေညီထပ်နဲ့ မော်တော်ယာဉ်ရပ်နားရန်နေရာ Car Parking ထည့်သွင်းဆောင်ရွက်ဖို့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစတင်ပြီးတော့ သတ်မှတ်ခဲ့ပါတယ်။ လူနေအိမ်ခန်းများနဲ့သက်ဆိုင်တဲ့ အထပ်မြင့်ကွန်ဒို အဆောက်အအုံတွေဆောက်လုပ်ဖို့ အခန်းအရေအတွက်ပေါ်မူတည်၍လည်းကောင်း၊ စီးပွားရေးနှင့်သက်ဆိုင်သော အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်ပါက ကြမ်းခင်းဧရိယာအပေါ်အခြေခံ၍လည်းကောင်း တွက်ချက်ပြီး ရရှိတဲ့ခွင့်ပြုမယ့် ကားအစီးအရေအတွက်ထက် ၂၀ ရာခိုင်နှုန်း ထပ်ဆောင်းပြီးတော့မှ ယာဉ်ရပ်နားရန်နေရာ ဖော်ပြပါရှိမှသာ ဆောက်လုပ်ခွင့်ပြုမိန့်များအား စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာရှိတဲ့ လမ်းမကြီးအတွင်းမှာ ယာယီယာဉ်ရပ်နားရန်အတွက် နေရာများအတွက်

ဟံသာဝတီလမ်းကနေပြီးတော့ ဗားကရာလမ်းအထိ ၄၂၀၀ ပေ၊ ဗားကရာလမ်းနှင့် အောင်ရတနာလမ်းကြား ၈၀၀၀ ပေ၊ ဘုန်းကြီးလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းကြား ပေ ၁၀၀၀၀၊ ဗိုလ်တထောင်ဘုရားလမ်းမှ ကမ်းနားလမ်းအထိ ပေ ၄၀၀၀၀၊ လမ်းသစ်လမ်းမှ မဟာဗန္ဓုလတံတားအထိ ပေ ၃၈၀၀၀၊ အလုံသစ်တောလမ်းမှ ရာဇဓိရာဇ်လမ်းအထိ ပေ ၃၆၀၀၀ အတိုင်းအတာတို့ကို ယာဉ်ရပ်နားရန်အတွက် ပလက်ဖောင်းများအား ပြုပြင်ဆောင်ရွက်ထားရှိပြီး မော်တော်ယာဉ်ရပ်နားရန် အခက်အခဲများအားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်ဆောင်ရွက်ရန်လည်းစီစဉ်လျက်ရှိကြောင်းဖြေကြားထားပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာမွန်ဈေးသစ်စီမံကိန်းဝင်းအတွင်းမှာ ယာဉ်ရပ်နားရန်အတွက် ဧရိယာ ၅၀ ရာခိုင်နှုန်းပါရှိတဲ့အဆောက်အအုံတည်ဆောက်လျက်ရှိပါတယ်။ မော်တော်ယာဉ်ရပ်နားရန်အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်းနှင့် ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းနှင့် ထန်းတပင်လမ်းထောင့်မြေနေရာတွေမှာ ယာဉ်ရပ်နားရန် အဆောက်အဦစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ အခြားဌာနဆိုင်ရာမြေကွက်များအတွင်း ယာဉ်ရပ်နားစခန်းများ ယနေ့အထိ ဆောင်ရွက်ထားပေးခြင်းမရှိသေးကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မန္တလေးမြို့တော်အပါအဝင် ခရိုင်မြို့ကြီးတွေမှာ အဆင့်မီပြေးဆွဲနိုင်ရန်အတွက် Taxi တွေ တင်သွင်းခွင့်လျှောက်ထားလာတဲ့ ကုမ္ပဏီကနေပြီးတော့အပြည့်အဝတင်သွင်းရောက်ရှိမှုမရှိသေးတဲ့အတွက်ကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီးအစိုးရအနေနဲ့ Taxi များ တင်သွင်းခွင့် ထပ်မံလျှောက်ထားတဲ့ ကုမ္ပဏီများအပေါ်မှာ ထောက်ခံမှုမပေးဘဲရပ်ဆိုင်းထားရှိပါတယ်။ မန္တလေးမြို့မှာရှိတဲ့ တိုးတက်များပြားလာသော လူဦးရေ၊ မော်တော်ယာဉ်များနှင့် သင့်တင့်မျှတမှုရှိစေဖို့အတွက် ချမ်းမြရွှေပြည်ယာဉ် ရပ်နားစခန်းအား အဆင့်မြင့်တင်မှုဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ယာဉ်များရပ်နားရန် အခက်အခဲရှိတဲ့ သီရိမန္တလာယာဉ်ရပ်နားစခန်းအား မြို့ရဲ့အနောက်တောင်ဘက် မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အရှေ့ရပ်ကွက်ရှိ ၉.၆၂၁၁ ဧက ကျယ်ဝန်းသောနေရာသို့လည်းကောင်း၊ ဒေါနဘွားကုန်တင်ယာဉ်ရပ်နားစခန်းအား ပုသိမ်ကြီးမြို့နယ်၊ မင်းကင်းကုန်းတွင်းရှိ မြေအကျယ်အဝန်း ၅ ဧကခန့်ရှိသော နေရာသို့လည်းကောင်း၊ ရွှေ့ပြောင်းနေရာချထားနိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်လျာထား၍ ဆောင်ရွက်လျက်ရှိပါ

တယ်။ ဒါ့အပြင် Down Town ဧရိယာမှာ ယာဉ်များရပ်နားရန်နေရာ ၅၅ နေရာအား လေလံစနစ်နဲ့ လုပ်ပိုင်ခွင့်၊ လုပ်ဆောင်မှုများသတ်မှတ်ပြီး ယာဉ်ရပ်နားနိုင်ရန် နေရာများဆောင်ရွက်ရေး သတ်မှတ်ပေးထားလျက်ရှိပါတယ်။ မန္တလေးမြို့မှာ ယာဉ်ကြောပိတ်ဆို့မှုရှိတဲ့ ဈေးချိုတစ်ဝိုက်မှာ ယာဉ်များသီးခြားရပ်နားနိုင်ရန် မန်းမြန်မာပလာဇာအဆောက်အအုံရှိတဲ့ မြေအောက်ထပ်အပါအဝင် ငါးထပ်အတွင်း စက်ဘီး၊ ဆိုင်ကယ် ၆၀၀ စီးခန့်၊ မော်တော်ယာဉ် ၃၀၆ စီးခန့် ရပ်နားနိုင်မယ့်နေရာအား စီစဉ်ဆောင်ရွက်ထားကြောင်း ဖြေကြားထားပါတယ်။ သို့ပါ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွေမှာ မော်တော်ယာဉ်များရပ်နားရန် အခက်အခဲရှိနေတဲ့ကိစ္စများနဲ့ လမ်းများပေါ်မှာ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပေါင်းစပ်ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရန်ကုန်မြို့၊ မန္တလေးမြို့တို့ကဲ့သို့ မြို့ကြီးများမှာ ဌာနဆိုင်မြေကွက်များမှာ ယာဉ်ရပ်နားစခန်းများ ဆောက်လုပ်ရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြို့နယ်များအလိုက် ဝင်ငွေခွန်ကောက်ခံသည့် လက်တွေ့ဆောင်ရွက်နေမှုမှာ အားနည်းချက်များစွာရှိနေသည့်အတွက် ယခုထက်ပိုမိုအားကောင်းသည့် အဖွဲ့စနစ်တခုကို လက်တွေ့ကျကျဆောင်ရွက်ရန်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးကို တက်ရောက်လာတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံတော်ရဲ့ဝင်ငွေမှာ အရေးပါတဲ့ လက်တွေ့အခွန်ကောက်နေတဲ့စနစ်ဖြစ်ပါတယ်။ ယနေ့ ဒီမိုကရေစီနိုင်ငံထူထောင်ရာမှာ အဓိကကျတဲ့ဝင်ငွေကတော့ အခွန်ငွေပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်က ဆောင်ရွက်နေရသလို တစ်ဖက်မှာလည်း အကြွေးငွေအမေရိကန်ဒေါ်လာ ၁၀.၂၁၆ သန်းနှင့် သက်တမ်းကာလသုံးနှစ်အတွင်းမှာ ဘတ်ဂျက်လိုငွေ ၇၂၇၂ ဘီလီယံရှိနေကြောင်းလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ရသင့်တဲ့ အခွန်ငွေများကို ရရှိနိုင်ဖို့အတွက် အလွန်အရေးကြီးတဲ့ကာလဖြစ်ပါတယ်။ ဒီ့အတွက် လွှတ်တော်ကလည်း ဝင်ငွေခွန်၊ ကုန်သွယ်ခွန် စတဲ့ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးပြီးတော့ နည်းဥပဒေများထုတ်ပြန်လို့ ဥပဒေနှင့်အညီ ဆောင်ရွက်

ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေရဲ့အကျိုးသက်ရောက်မှုကြောင့် အခွန်ငွေတွေ တိုးတက်လာမှာ မှန်သော်ငြားလည်း လက်တွေ့ဆောင်ရွက်နေတဲ့ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးအားနည်းမှုကြောင့် မြို့နယ်တွေအတွင်းမှာ အခွန်ကောက်ခံတဲ့နေရာမှာ အခွန်ထမ်းများနှင့် အခွန်ကောက်ခံသူများညှိနှိုင်းမှုအရ အခွန်ရှောင်ခြင်း၊ အခွန်လျှော့ခြင်းများရှိနေဆဲဖြစ်တာမို့ ပြီးခဲ့တဲ့ခေတ်စနစ်တစ်ခုလုံးက ကျင့်သုံးခဲ့တာမျိုး အဖွဲ့စနစ်နဲ့ဆောင်ရွက်ပေးမလား။ ဒါမှမဟုတ် ဘယ်လိုပြုပြင်မလဲဆိုတာကို သိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်အတွင်း မြို့နယ်များအလိုက် ဝင်ငွေကောက်ခံသည့် လက်တွေ့ဆောင်ရွက်နေမှုမှာ စနစ်အရ အားနည်းချက်များစွာရှိနေတဲ့အတွက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေတဲ့ ယနေ့အချိန်ကာလမှာ ပြန်လည်သုံးသပ်ပြီးတော့ လာဘ်ပေးလာဘ်ယူမှုလျော့နည်းပပျောက်စေနိုင်တဲ့ ဝန်ထမ်းများကို ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်တဲ့အဖွဲ့စနစ်နဲ့ စနစ်တကျ အခုထက်ပိုမိုအားကောင်းတဲ့စနစ်တစ်ခုကို လက်တွေ့ကျကျဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးမြန်းတဲ့မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားပါ့မယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ အခွန်မူဝါဒနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးအတွက် ချမှတ်ထားတဲ့လုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ နိုင်ငံတစ်ခုရဲ့ နိုင်ငံရေးနှင့်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးမယ်ဆိုရင် ဒီလိုပြောင်းလဲကျင့်သုံးတဲ့စနစ်နဲ့ လိုက်လျောညီထွေတဲ့

အခွန်စနစ်ကိုလည်း မလွဲမသွေလိုက်ပါပြုပြင်ပြောင်းလဲလေ့ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြောင်းလဲကျင့်သုံးခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် လိုက်လျောညီထွေတဲ့ အခွန်စနစ်ကိုလည်း ပြုပြင်ပြောင်းလဲရန်အတွက် ပြင်ဆင်ရန်လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနဲ့အမိန့်ကြော်ငြာစာများကို ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ရုံးခွန်အက်ဥပဒေနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေများကိုပြင်ဆင်တဲ့ဥပဒေများကို ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ၂၀၁၁ ခုနှစ်မှာ ပြင်ဆင်မှုများ စတင်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်၊ ပြင်ဆင်မှုများ ဆောင်ရွက်ချိန်မှာ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူများအတွက်အခွန်စနစ်ရဲ့ လက်ရှိအခြေအနေ၊ အတွေ့အကြုံများနဲ့ ဆည်းပူးလေ့လာနိုင်သမျှသော နိုင်ငံတကာဗဟုသုတများကိုအခြေခံပြီး ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ နိုင်ငံရဲ့တိုးတက်ပြောင်းလဲနေတဲ့အခြေအနေများနဲ့ ကိုက်ညီစေဖို့ အခွန်ဥပဒေများလုပ်ထုံးလုပ်နည်းဆိုင်ရာ ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၄ ခုနှစ်အတွင်းမှာပဲ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ရုံးခွန်အက်ဥပဒေနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေများကို ပြင်ဆင်မှုများဆောင်ရွက်ခဲ့တဲ့အပြင် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသစ်ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါတယ်။

ဒီလို နိုင်ငံတော်ရဲ့တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေတွေအရ အခွန်ဆိုင်ရာပြင်ဆင်မှုတွေကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိတဲ့အပြင် တစ်ဖက်ကလည်း နိုင်ငံတကာအဖွဲ့အစည်းများရဲ့အကူအညီနဲ့ လက်ရှိအခွန်စနစ်ကို ရှုထောင့်ပေါင်းစုံက လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလေ့လာတွေ့ရှိချက်တွေကို အခြေခံပြီးတော့ အခွန်မူဝါဒနှင့်စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှုအတွက် ဦးတည်ချက်နှစ်ရပ်ကို ချမှတ်နိုင်ခဲ့ပါတယ်။ ဒီဦးတည်ချက်နှစ်ရပ်ကတော့ အခွန်အကောက်များဥပဒေနှင့်အညီ တိုးတက်ကောက်ခံရရှိခြင်းဖြင့် အခွန်ရငွေနှင့် ဂျီဒီပီအချိုးတိုးမြင့်လာစေရန်၊ အခွန်စီမံခန့်ခွဲမှုစနစ်ကို ခေတ်မီကောင်းမွန်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးရန်တို့ပဲ ဖြစ်ပါတယ်။ ဒီဦးတည်ချက်တွေ အောင်မြင်စေဖို့အတွက် လမ်းပြမြေပုံတစ်ရပ်ကို ချမှတ်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အခွန်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပဆောင်ရွက်ခဲ့ပါတယ်။ ကဏ္ဍာ

ပေါင်းစုံမှပါဝင်ခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲရဲ့ရလဒ်တွေကို အခြေခံပြီးတော့ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် အခွန်စီမံခန့်ခွဲမှုပိုင်းနှင့် အခွန်မူဝါဒပိုင်းတို့အတွက် မဟာဗျူဟာများကို ချမှတ်ခဲ့ပါတယ်။ ဒီမဟာဗျူဟာများကတော့ (၁) ထိရောက်သော အခွန်စီမံခန့်ခွဲမှုဖြစ်စေရန် အခွန်ရုံးက စည်းကြပ်တဲ့စနစ်မှ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်တဲ့စနစ်ကို ပြုပြင်ပြောင်းလဲရေး၊ (၂) နိုင်ငံတော်အတွက် အခွန်ရငွေပိုမိုတိုးတက်ရရှိစေရန် အခွန်မူဝါဒဆိုင်ရာ မဟာဗျူဟာအဖြစ် ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်နှင့်ဝန်ဆောင်မှု သို့မဟုတ် တန်ဖိုးမြှင့်ခွန်စနစ်သို့ ပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မဟာဗျူဟာအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အမြန်ဆုံးအောင်မြင်မှုရရှိစေရေးအတွက် လုပ်ငန်းစဉ်သုံးရပ်ကို ချမှတ်ဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်သုံးရပ်ကတော့ (၁) အခွန်ရုံးများကို အခွန်ထမ်းအမျိုးအစားအလိုက်ခွဲခြားပြီး လုပ်ငန်းတာဝန်အခြေခံဖွဲ့စည်းတဲ့ရုံးများ Functional Base အဖြစ် အသွင်ကူးပြောင်းဖွဲ့စည်းခြင်း၊ (၂) တစ်ခုတည်းသော အခွန်ထမ်းမှတ်ပုံတင်အမှတ် (Unique Taxpayers Identification Number) သတ်မှတ်ပေးခြင်း၊ (၃) သတင်းအချက်အလက် ဗဟိုဌာနတည်ထောင်ခြင်းတို့ပဲဖြစ်ပါတယ်။

အခွန်မူဝါဒနှင့်စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချိန်ကာလအဖြစ် ၂၀၁၃-၂၀၁၄ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားပြီးတော့ ဒီအချိန်မှာ နိုင်ငံတော်အတွက်အခွန်ရငွေများကို ဖြည့်ဆည်းနိုင်ရန်အတွက် လက်ရှိလုပ်ငန်းတာဝန်များနှင့်ပြုပြင်ပြောင်းလဲဆောင်ရွက်မယ့် စီမံခန့်ခွဲမှုစနစ်တွေကိုပူးတွဲပြီး တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အခွန်ရုံးများကို အခွန်ဝန်ထမ်းအမျိုးအစားအလိုက် ခွဲခြားပြီးတော့ လုပ်ငန်းတာဝန်အခြေခံဖွဲ့စည်းတဲ့ရုံးများအဖြစ် အသွင်ကူးပြောင်းဖွဲ့စည်းခြင်းကို စနစ်တကျ အဆင့်လိုက်ဆောင်ရွက်ရမှာဖြစ်ပြီးတော့မှ ဒီရုံးတွေမှာ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်တဲ့စနစ် ကျင့်သုံးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးသော စမ်းသပ်အသွင်ကူးပြောင်းမှုနယ်မြေအဖြစ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (Large Taxpayer Office) ကို ရန်ကုန်မြို့မှာ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီရုံးရဲ့ အတွေ့အကြုံတွေကိုအခြေခံပြီးတော့မှ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (Medium Taxpayer Office) သုံးရုံး သို့မဟုတ် ငါးရုံးကိုလည်းကောင်း၊ အခွန်ထမ်းငယ်များဆိုင်ရာ

အခွန်ရုံး (Small Taxpayer Office) ကို တစ်နိုင်ငံလုံးမှာလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်လှစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခွန်ထမ်းကြီးများကို အရည်အသွေးပြည့်မီတဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရင်းနဲ့ နိုင်ငံတော်အတွက် အခွန်တာဝန်ကို သိရှိနားလည်လာပြီးတော့ တစ်ဖက်က အခွန်ထမ်းကိုယ်တိုင်က ဥပဒေနှင့်အညီကိုယ်တိုင်စည်းကြပ်မှုဆောင်ရွက်တဲ့ အခွန်စီမံခန့်ခွဲမှုစနစ်ကို စတင်ကူးပြောင်းခြင်းဖြင့် အခွန်လျော့ပါးမှုအန္တရာယ်အနည်းဆုံးဖြင့် အမြန်ဆုံးအောင်မြင်မှုကို ရရှိစေနိုင်ရန်ဖြစ်ပါတယ်။ အခွန်ထမ်းများအနေနဲ့ အခွန်စည်းကြပ်မှုကို ကိုယ်တိုင်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများနဲ့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် လူနှင့်လူချင်းထိတွေ့ဆောင်ရွက်မှုများနေရာမှာ Online Services များနဲ့ အခွန်ဆိုင်ရာလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အတွက် လာဘ်ပေးလာဘ်ယူမှုများကိုလည်း လျော့နည်းပပျောက်သွားစေမှာဖြစ်ပါတယ်။

ပြုပြင်မှု၊ ပြောင်းလဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်အတွက်ကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ United State Oversea Technical Assistance (OTA)၊ Asia Development Bank (အာရှဖွံ့ဖြိုးရေးဘဏ်) စတဲ့ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများရဲ့ အကူအညီတွေကိုရယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အခွန်ပြုပြင်ပြောင်းလဲမှုရဲ့ အရေးကြီးတဲ့ ပထမခြေလှမ်းဖြစ်တဲ့ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (Large Taxpayer Office) မှာစည်းကြပ်မှုနယ်မြေဆိုင်ရာ လုပ်ငန်းစဉ်များကို အနီးကပ်အကြံပြုဆောင်ရွက်နိုင်ဖို့အတွက် ဌာနေအကြံပေးပညာရှင်တစ်ဦးနဲ့ OTA ကအကူအညီပေးလျက်ရှိပြီးတော့ ရုံးချုပ်လုပ်ငန်းတာဝန်များနဲ့ ချိတ်ဆက်နိုင်ဖို့ ရုံးချုပ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် ဌာနေအကြံပေးပညာရှင်တစ်ဦးကို IMF က ကာလရှည်ထားရှိ ပူးတွဲဆောင်ရွက်ပေးလျက်ရှိပါတယ်။

လိုအပ်တဲ့ ဘဏ္ဍာငွေထောက်ပံ့ရန်အတွက်လည်း ကမ္ဘာ့ဘဏ်ကနေ အထောက်အပံ့ကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအခွန်စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်တွေကို ထိန်းကျောင်းနိုင်ရန်နှင့် အခွန်စည်းကြပ်မှုလုပ်ငန်းစဉ်တွေကို ပိုမိုအထောက်အကူပြုနိုင်ရန်အတွက်ကို အခွန်စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ကို နယ်ပယ်ကဏ္ဍစုံက ပညာရှင်များပါဝင်စေပြီးတော့ ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဘုတ်အဖွဲ့အနေနဲ့လည်း အခွန်ထမ်းများ၊

ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး အခက်အခဲများ၊ အကြံဉာဏ်များရယူပြီးတော့ နိုင်ငံတကာအခွန်စနစ်များရဲ့ ကောင်းမွန်တဲ့အလေ့အထများကို လေ့လာပြီးတော့ ပြည်တွင်းအခွန်များ ဦးစီးဌာနရဲ့ လက်ရှိလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ နဝမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းများအပေါ် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သောပံ့ပိုးထိန်းကျောင်းကွပ်ကဲကြပ်မတ်နိုင်ရေးအတွက် အခွန်ခွဲဝေမှု (Tax Sharing) ကို တံဆိပ်ခေါင်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့မှာလည်း ပြင်ဆင်ပြဋ္ဌာန်း ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ အခွန်ထမ်း နှင့်အခွန်ဝန်ထမ်းများမှ လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများကို ဝိုင်းဝန်းထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်နှင့်အရည်အသွေးမြင့်မားရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပြည်ပသင်တန်းများ စေလွှတ် တက်ရောက်စေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြီးဆောင်ရွက်ပေးလျက်ရှိ သလိုပဲ စိတ်စေတနာကောင်းမွန်စွာနဲ့ ကြိုးပမ်းဆောင်ရွက်တဲ့ဝန်ထမ်းများကို ထိုက်တန်တဲ့ ချီးမြှင့်မှုများ ပြုလုပ်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိတဲ့ဝန်ထမ်းများကို ဖော်ထုတ်အရေးယူ အပြစ်ပေးခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခွန်စနစ်မှာ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း အားနည်းချက်များရှိနေပါသေးတယ်။ ဒါ့အပြင် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဟာ ပညာရပ်ပိုင်းဆိုင်ရာ လိုအပ်မှုအပြင် အခွန်စနစ်နှင့်ဆက်နွယ်သမျှသော အထက်၊ အောက်၊ ဘေးနံအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်ရန် လိုအပ်တဲ့အတွက် ပညာရပ် ပိုင်းဆိုင်ရာ လိုအပ်ချက်နှင့် နိုင်ငံတကာအတွေ့အကြုံနည်းပါးမှုများမှာ ကန့်သတ်ချက်များရှိနေတာ လည်း အမှန်ပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ချမှတ်ပြီးဖြစ်တဲ့ မဟာဗျူဟာအရ တိကျသေချာတဲ့ ပြုပြင် ပြောင်းလဲမှုလုပ်ငန်းစဉ်များနဲ့ နိုင်ငံတော်အတွက် ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်တစ်ရပ်ကို အခွန် ထမ်းပြည်သူများရဲ့ ပူးပေါင်းပါဝင်မှု၊ ဝန်ထမ်းများရဲ့ ကြိုးပမ်းအားထုတ်မှု၊ အထက်အဆင့်ဆင့်နှင့် ဘေးနံအဖွဲ့အစည်းများရဲ့ နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်ပေးမှု၊ နိုင်ငံတကာအဖွဲ့အစည်း များရဲ့ ပံ့ပိုးကူညီမှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**သတ္တုတွင်း စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၌ ချုပ်ဆိုသည့် ထုတ်လုပ်မှုခွဲဝေသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ အခု ကျွန်မမေးမယ့်မေးခွန်းက တိုင်းပြည်ဓနအင်အားအတွက် အလွန်အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Wealth of Nation နဲ့ တိုက်ရိုက်ပတ်သက်နေတာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ အားလုံးသိကြတဲ့အတိုင်းပဲ ဒီရေမြေတောတောင်သဘာဝအရ အဖိုးတန်သယံဇာတတွေထွက်ရှိတဲ့အတွက်ကြောင့်မို့လို့ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံဖြစ်ခဲ့တာ အားလုံးသိပါတယ်။ ဒီနောက်ပိုင်းမှာ Central Planed Economy နဲ့ Sanction တွေကြောင့်မို့လို့ အခုအခြေအနေဖြစ်သွားကြတာဖြစ်ရပါတယ်။ အဲဒီတော့ ကျွန်မတို့ရဲ့ ဒီအဖိုးတန်တဲ့ သယံဇာတတွေနဲ့ပတ်သက်လို့ ကျွန်မတို့အကျိုးတူဆောင်ရွက်မှုတွေ၊ စာချုပ်စာတမ်းတွေထုတ်လုပ်မှုနှင့်ပတ်သက်တဲ့ ခွဲဝေတဲ့စာချုပ်စာတမ်းတွေ ချုပ်ဆိုတဲ့အခါမှာ ကျွန်မတို့ရဲ့တိုင်းပြည်မှာရှိတဲ့လူတွေရဲ့ ပညာအရည်အသွေးညံ့ဖျင်းမှုကြောင့်၊ စွမ်းဆောင်ရည်ညံ့ဖျင်းတဲ့အတွက်ကြောင့်မို့လို့ ဒီစာချုပ်တွေမှာ ဖော်ပြတဲ့ Specified လုပ်ထားတဲ့ အရည်အသွေးမရတဲ့ဟာတွေကြောင့် တိုင်းပြည်မှာနစ်နာမှုတွေရှိပါတယ်။ နောက်တစ်ခါ ဈေးနှုန်းနှင့်ပတ်သက်လို့ ကျွန်မတို့ Refer လုပ်ရတဲ့ ဈေးနှုန်းဟာ ဒီ Market Price Index ဘယ်လောက်ထိစိတ်ချရလဲဆိုတာ ကျွန်မတို့ကမသိဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့က မျက်စိ၊ နား သူများတိုင်းပြည်လိုမပွင့်တဲ့အတွက်ကြောင့်မို့လို့ သူများတွေက ဒီပစ္စည်းက ဒီဈေးနှုန်းပဲရှိတယ်ဆို အဲဒီလို လက်ခံလိုက်ရတဲ့သဘောမျိုးရှိပါတယ်။ အဲဒီတော့ ဒီစာချုပ်မှာပါတဲ့ တန်ဖိုးဟာ ဈေးနှုန်းအရလည်းနစ်နာပါတယ်။ နောက်တစ်ခါ အရည်အသွေးအရလည်း ကိုယ်ကညံ့ဖျင်းတဲ့အတွက်ကြောင့်မို့လို့ အရည်အသွေးကောင်းတယ်၊ မကောင်းတယ် စွမ်းဆောင်ရည်မရှိတဲ့အတွက်ကြောင့်မို့လို့ အရည်အသွေးမှာလည်း ကျွန်မတို့က နစ်နာပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ Production Sharing Contract-PSC တွေလုပ်တဲ့အခါမှာ ကျွန်မတို့နစ်နာမှုအတွက် ဘယ်လိုမျိုးပြန်ပြီး Redemption အဖြစ်လုပ်နိုင်သလဲ။ တကယ်လို့ နစ်နာမှုတွေ တွက်တဲ့အခါမှာလည်း Governing Law အရ ဘာတွေများ လုပ်နိုင်သလဲဆိုတာသိချင်လို့ မေးခြင်းဖြစ်ပါတယ်။ မေးခွန်း

ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာန အစရှိသည်တို့၌ ထုတ်လုပ်မှုခွဲဝေသည့် စာချုပ်စာတမ်းများ၊ ချုပ်ဆိုဆောင်ရွက်သည့် ကုမ္ပဏီများတွင် အငြင်းပွားဖွယ်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများရှိ/မရှိသိလိုပါသည်။ အဆိုပါနစ်နာဆုံးရှုံးမှုများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားကြောင်း ရှင်းလင်းဖော်ပြပေးစေလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇေယျာအောင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် တက်ရောက်လာကြသူများအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည့်စုံစွာ ဖြေလို့ရပါတယ်။ အချိန်မနှမြောပါနဲ့။ ရပါတယ်။

**ဦးဇေယျာအောင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစရှိသည်တို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract-PSC) ချုပ်ဆိုဆောင်ရွက်သည့် ကုမ္ပဏီများတွင် အငြင်းပွားဖွယ်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများရှိ/မရှိနှင့် နစ်နာဆုံးရှုံးမှုများအား မည်ကဲ့သို့အရေးယူဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းသည့် မေးခွန်းကိုပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ၎င်းတို့ရဲ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များရဲ့ သဘောသဘာဝ လုပ်ငန်းဆောင်ရွက်မှုများကို စုစည်းပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ သဘောထားကိုပါညှိနှိုင်းရယူပြီး ဖြေကြားချက်အား အလေးထားပြုစုထားပါကြောင်း

**မူကြမ်း**

နှင့် စာချုပ်ပါအချက်များနှင့် မတူညီသော လုပ်ငန်းသဘာဝများကို အခြေပြုရှင်းလင်းဖြေကြားရမှာ ဖြစ်တဲ့အတွက် အချိန် ၈ မိနစ်ခန့် ခွင့်ပြုပေးပါရန် ကြိုတင်ခွင့်ပန်ကြားအပ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာမှာ အငြင်းပွားမှုဖြေရှင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၃ နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၃ တို့မှာ (က) အငြင်းပွားမှုပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်လို့ဖော်ပြထားပါတယ်။ တဖန် (ခ) ပုဒ်မခွဲ(က)အရ ဖြေရှင်း၍ ပြေလည်မှုမရရှိပါက သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ရမည်။ သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် သတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှထုတ်ပြန်တဲ့ (၁/၂၀၁၃) အမိန့်ကြော်ငြာစာတွင်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ဒေသဆိုင်ရာပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါသဖြင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရန်အတွက် ကြိုတင်စီမံထားပါတယ်။ အထက်ပါကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ ပေါင်းစပ်ညှိနှိုင်း၍ PSC စာချုပ်များ ချုပ်ဆိုဖော်ဆောင်မှုလုပ်ငန်းသဘောသဘာဝပေါ်အခြေခံပြီး တင်ပြသွားမှာဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ရဲ့ တိုးတက်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုအပ်မှုကိုပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်စီမံကိန်းများကို နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနည်းလမ်းတွေကတော့ ဝန်ကြီးဌာနမှ

အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများမှ BOT စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု JV/BOT စနစ်နှင့် IPP/BOT စနစ်အခြေခံတို့ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။ လျှပ်စစ်စီမံကိန်းများကိုဆောင်ရွက်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာချက်ကို ဦးစွာဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ Free Power၊ Free Share အခွန်အခများ၊ မြေငှားရမ်းခနှင့် ပရီမီယံကြေးတို့ကို ရရှိနိုင်မှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတို့ဘက်က ရရှိမယ့်အကျိုးအမြတ်တို့ကိုလည်း နည်းလမ်းအမျိုးမျိုးဖြင့် တွက်ချက်တာဖြစ်ပါတယ်။ စီမံကိန်းအတွက် အဖြစ်နိုင်ဆုံးနည်းလမ်းကို ရွေးချယ်ပြီး နှစ်ဘက်သဘောတူစာချုပ် MOA နဲ့ လုပ်ငန်းမှ ဝန်ကြီးဌာနအတွက် Free Share ရရှိပါက Joint Venture Agreement ကိုချုပ်ဆိုရတာဖြစ်ပါတယ်။

ဒါ့အပြင် တည်ဆောက်တဲ့ ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်တဲ့ ဓာတ်အားကို ရောင်းချရန်အတွက် Power Purchase Agreement (PPA) ကိုလည်း ချုပ်ဆိုရတာဖြစ်ပါတယ်။ ချုပ်ဆိုမယ့် သဘောတူစာချုပ်အားလုံးမှာ အငြင်းပွားဖွယ်ရာကိစ္စရပ်များ ပေါ်ပေါက်လာပါက ဖြေရှင်းမှုနည်းလမ်းများကို နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် Arbitration Procedure များဖြင့် ဆောင်ရွက်ရန် ထည့်သွင်းချုပ်ဆိုရတာဖြစ်ပါတယ်။ အငြင်းပွားဖွယ်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့လျှင် နှစ်ဖက်စာချုပ်ဝင်များဟာ စာချုပ်ပါအတိုင်းလိုက်နာ၍ ဆက်လက်အရေးယူဆောင်ရွက်ကြရတာဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နိုင်ငံခြားရေနံကုမ္ပဏီများဟာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရန်အတွက် PSC စာချုပ်များကို လက်မှတ်ရေထိုးဆောင်ရွက်လျက်ရှိပါတယ်။ PSC စာချုပ်ရဲ့ သဘောသဘာဝဟာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းအတွက်သာ ချုပ်ဆိုထားခြင်းဖြစ်ပြီးတော့ ယင်းလုပ်ငန်းတွင် နိုင်ငံခြားရေနံကုမ္ပဏီများကသာ ကနဦး ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ် ရှာဖွေတွေ့ရှိထုတ်လုပ်မှသာ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ စာချုပ်အရ သဘောတူထားတဲ့ Share အချိုးအစားထည့်ဝင်ပြီး ပါဝင်ဆောင်ရွက်ခွဲဝေခံစားခြင်းဖြစ်ပါတယ်။ သို့ပါ၍ ရေနံနှင့်

သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်မှာ အငြင်းပွားဖွယ်ရာကိစ္စ ဖြစ်နိုင်ခြေ အလွန်နည်းပါးပါကြောင်း တင်ပြအပ်ပါတယ်။

ထုတ်လုပ်မှုပေါ်ခွဲဝေခံစားရေး စာချုပ်ချုပ်ဆိုစဉ်ကပင် စာချုပ်ကာလအတွင်း အငြင်းပွားဖွယ်ရာကိစ္စရပ်များပေါ်ပေါက်လာပါက နှစ်ဖက်စာချုပ်ဝင်များသည် ယင်းအငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဖော်ပြထားပါတယ်။ ထိုသို့ဖြေရှင်း၍ ပြေလည်မှုမရရှိမှသာ ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်း (Arbitration) နည်းလမ်းကိုအသုံးပြုရန် ဖော်ပြထားပါတယ်။ Arbitration နည်းလမ်းဖြင့် ကုန်းပိုင်းလုပ်ကွက်များမှာ PSC စာချုပ်ရဲ့ Consultation and Arbitration အခန်း၌ Myanmar Arbitration Act, 1944 ကိုအသုံးပြု၍ ဖြေရှင်းရန်ဖော်ပြထားပြီး၊ ကမ်းလွန်လုပ်ကွက်များမှာ PSC စာချုပ်ရဲ့ Consultation and Arbitration အခန်း၌ United Nation Commission on International Trade Law ကိုအသုံးပြု၍ဖြေရှင်းရန်ဖော်ပြထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စာချုပ်အရ စာချုပ်သက်တမ်းကာလအတွင်း အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ချစ်ကြည်ရင်းနှီးစွာဖြင့် ဦးစွာဖြေရှင်းကြရမှာဖြစ်ပါတယ်။ ထိုသို့ဖြေရှင်း၍ မရပါက နှစ်ဖက်သဘောတူညီတဲ့ Arbitration နည်းလမ်းဖြင့် ဖြေရှင်းကြရမှာဖြစ်ပြီးတော့ ကုန်းပိုင်းအတွက်ဖြေရှင်းရမယ့်နည်းလမ်းမှာ မိမိတို့မြန်မာနိုင်ငံရဲ့ Arbitration Act ဖြစ်သဖြင့် နစ်နာမှုမရှိနိုင်ကြောင်း တင်ပြအပ်ပါတယ်။ ကမ်းလွန်အတွက်ဖြေရှင်းရမယ့် Arbitration မှာလည်း ကုလသမဂ္ဂမှ ကြီးမှူးရေးဆွဲထားတဲ့ UNCITRAL Arbitration Rules ဖြစ်တာကြောင့်မို့လို့ မျှတမှုရှိပြီးတော့ နစ်နာမှုမရှိနိုင်ကြောင်းတင်ပြအပ်ပါတယ်။

ဒို့အပြင် PSC စာချုပ်များမှာလည်း စာချုပ်ကို မြန်မာနိုင်ငံရဲ့ ဥပဒေများက လွှမ်းမိုးကြောင်း၊ မြန်မာနိုင်ငံရဲ့ ဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကြောင်း၊ ကွဲလွဲမှုရှိပါက မြန်မာနိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာတရားရုံးသို့တင်ပြရန် သဘောတူကြောင်း ဖော်ပြထားသဖြင့် နိုင်ငံတော်အနေဖြင့် အားသာချက်ရှိကြောင်း တင်ပြအပ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် PSC ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နေတဲ့ နိုင်ငံခြားရေနံကုမ္ပဏီများအကြား အငြင်းပွားမှုပေါ်ပေါက်ခဲ့ရင် မိမိဌာနမှ နစ်နာမှုမရှိစေရန်အတွက် စာချုပ်ချုပ်ဆိုတဲ့ ရေနံကုမ္ပဏီရဲ့ မိခင်ကုမ္ပဏီမှထုတ်ပေးတဲ့ အာမခံချက်အား စာချုပ်ရဲ့ နောက်ဆက်တွဲမှာ ထည့်သွင်းချုပ်ဆိုထားပြီး၊ မကြာမီ ဆက်လက်ချုပ်

ဆိုမယ့် PSC စာချုပ်များတွင်လည်း မိခင်ကုမ္ပဏီရဲ့ အာမခံချက်အပြင် ရေနံကုမ္ပဏီမှ စာချုပ်ကာလအတွင်း အနည်းဆုံးဆောင်ရွက်ရမယ့်လုပ်ငန်းကို မဆောင်ရွက်ဘဲ ပျက်ကွက်ပါက ယင်းပျက်ကွက်သည့်လုပ်ငန်းအတွက် သုံးစွဲရမည့် အနည်းဆုံးငွေကြေးဝန်ခံချက်၏ ၁၀ ရာခိုင်နှုန်းကို လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံချက်အဖြစ် စွမ်းအင်ဝန်ကြီးဌာနသို့ တင်သွင်းရန် ထည့်သွင်းချုပ်ဆိုထားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မိမိတို့အနေဖြင့် အသာစီးရယူထားတဲ့ အခြေအနေရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် PSC စာချုပ်ရဲ့ Termination စည်းကမ်းချက်များမှာလည်း ကုမ္ပဏီဟာ စာချုပ်ပါ ၎င်းရဲ့တာဝန်တစ်ရပ်ရပ်ကို ချိုးဖောက်ပါက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကြောင်းကြားစာ(Notice) ပေးပို့၍ အဆိုပါ ချိုးဖောက်မှုကို ပြုပြင်စေရန်နှင့် အကယ်၍ ယင်းရေနံကုမ္ပဏီမှ ရက်ပေါင်း ၆၀ အတွင်း ၎င်း၏ချိုးဖောက်မှုကို ပြုပြင်ခြင်းမရှိပါက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကြောင်းကြားစာ(Notice) ပေးပို့၍ PSC စာချုပ်ကို ရပ်စဲနိုင်ခွင့်ရှိကြောင်း ဖော်ပြချုပ်ဆိုထားထာကြောင့်မို့လို့ အဲဒီအချက်ဟာ မိမိတို့နိုင်ငံအတွက် အားသာချက်တစ်ရပ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ဘူမိဗေဒဖြစ်စဉ်အရ ဓာတ်သတ္တုဖြစ်ထွန်းမှုအခြေအနေကို ဖော်ထုတ်နိုင်ရန်အတွက် ဓာတ်သတ္တုရှာဖွေခြင်း၊ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းများအစရှိတဲ့ ဓာတ်သတ္တုထုတ်လုပ်မှုအဆင့်ဆင့်ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်သတ္တုဖြစ်ထွန်းမှုရှိပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်တဲ့ အခြေအနေရှိရင် ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပါတယ်။ ဓာတ်သတ္တုသိုက်အကြီးအသေးပမာဏနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် နှစ်ကာလအပိုင်းအခြားပေါ် မူတည်၍ ဓာတ်သတ္တုအသေးစားထုတ်လုပ်မှုနှင့် ဓာတ်သတ္တုအကြီးစား ထုတ်လုပ်မှုဟူ၍ ခွင့်ပြုမိန့်ထုတ်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေဖြင့် ဝင်ငွေခွန်ပုံသေမြေငှားရမ်းခ၊ ဓာတ်သတ္တုခွန်၊ ဘဏ်အာမခံငွေ၊ အကျိုးအမြတ်ခွဲဝေမှုအချိုးအစရှိတဲ့ အကျိုးအမြတ်အခွင့်အလမ်းအမျိုးမျိုးကိုလည်း ရရှိတာဖြစ်ပါတယ်။ ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းများကို ဓာတ်သတ္တုနှင့်စပ်လျဉ်းတဲ့ အတွေ့အကြုံနှင့် နည်းပညာ၊ ကျွမ်းကျင်မှုနှင့်ငွေကြေးအင်အား ပြည့်စုံတဲ့ကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်ဖြင့် သဘောတူစာချုပ်ချုပ်ဆို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ သဘောတူစာချုပ်မှာ ကန်ထရိုက်တာ/ကုမ္ပဏီများရဲ့ တာဝန်များနှင့် ဌာနရဲ့တာဝန်များကိုထည့်သွင်းထားပြီး စာချုပ်ဝင်များရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ပွင့်လင်းမြင်သာစွာ ဖော်ပြပြီးဖြစ်တာကြောင့်မို့လို့ နှစ်ဦးနှစ်ဖက်အနေဖြင့် လိုက်နာဆောင်ရွက်ခြင်း၊ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်းဖြင့် နစ်နာမှု၊ ဆုံးရှုံးမှုများမရှိအောင်စီမံထားတာဖြစ်ပါတယ်။ ဒါ့အပြင် သဘောတူစာချုပ်မှာ အငြင်းပွားခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းအခန်းပါရှိပြီး စာချုပ်ဝင်တို့ဟာ သဘောတူစာချုပ်ပါ အကြောင်းကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေး၍ ချစ်ကြည်ရင်းနှီးစွာဖြင့် ဦးစွာဖြေရှင်းဆောင်ရွက်ရန်နှင့် ဖြေရှင်း၍မရပါက နှစ်ဘက် သဘောတူညီသည့် အနုညာတခုံရုံးဖြင့် အဆုံးအဖြတ်ခံယူရန်ပါရှိသဖြင့် ၎င်းအတိုင်း ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ သဘောတူစာချုပ်များမှာ စာချုပ်ဝင်နှစ်ဦး နှစ်ဖက်တို့ဟာ စာချုပ်ပါစည်းကမ်းချက်များကို ပွင့်လင်းမြင်သာစွာဖြင့် တာဝန်ယူ၊ တာဝန်ခံလုပ်ကိုင်နေရခြင်းနှင့် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြင့် ပြဿနာများကို ပြေလည်စွာဖြေရှင်းနေခြင်းတို့ကြောင့် နိုင်ငံတော် အတွက် ဆုံးရှုံးနစ်နာမှုများမရှိနိုင်ကြောင်းတင်ပြအပ်ပါတယ်။ အချုပ်အားဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးအမြတ်များ၊ အခွင့်အလမ်းများရရှိသည့်အပြင် အငြင်းပွားမှုကိစ္စရပ်များပေါ်ပေါက်ပါက နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီများနှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆိုဆောင်ရွက်ရာမှာ ယနေ့ထိတိုင် အငြင်းပွားဖွယ်ရာကိစ္စရပ်များ တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတော်အတွက် PSC စာချုပ်များနှင့်စပ်လျဉ်းသော မည်သည့် နစ်နာဆုံးရှုံးမှုမှ ပေါ်ပေါက်ခဲ့ခြင်းမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဝန်ကြီးပြောပြသွားတာ အလွန်နားထောင်လို့ကောင်းပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ဒီသယံဇာတပစ္စည်း(Natural Resources) ဆိုတာက တန်ဖိုးသတ်မှတ်လို့တောင်မရအောင် တန်ဖိုးကြီးမားပါတယ်။ အစားထိုးလို့မရတဲ့ပစ္စည်းများဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ နိုင်ငံတော်ရဲ့ခေနရဲ့ပတ်သက်လာရင် ကျွန်မတို့ကတော့ ချစ်ကြည်ရင်းနှီးမှုဆိုတဲ့အပိုင်းထက် Profit Motive ကိုပဲကြည့်ရမှာဖြစ်

ပါတယ်။ အဲ့ဒီတော့ ဒီစာချုပ်ချုပ်တယ်ဆိုတဲ့အခါမှာ အဆင့်တွေများတယ်ဆိုတာ ဟုတ်ပါတယ်။ ဥပမာ ဓာတ်သတ္တုဆိုလို့ရှိရင် ရှာဖွေရေးကာလရှိတယ်။ စမ်းသပ်တိုင်းတာတဲ့ ကာလရှိတယ်။ နောက် Feasibility study လုပ်တဲ့ကာလရှိတယ်။ ထူထောင်မှုကာလရှိတယ်။ ထုတ်လုပ်မှုကာလရှိတယ်။ ဒီလို အဆင့်များတာနဲ့အမျှ အဆင့်တိုင်းအဆင့်တိုင်းမှာ အဆင်မပြေတဲ့ မအောင်မြင်မှုတွေရှိတာ ဖြစ်ပါတယ်။ လျှပ်စစ်မှာဆိုလည်း ဒီလိုပဲဖြစ်ပါတယ်။ လျှပ်စစ်ဘယ်လောက်ထွက်မယ်ဆိုပြောတယ်။ တကယ့်တကယ်ကျတော့ မထွက်ဘူး။ ဘာ့ကြောင့်မထွက်လည်းဆိုတော့ သူတို့တပ်ဆင်တဲ့ပစ္စည်းတွေက ညံ့ဖျင်းတဲ့ပစ္စည်းတွေ တပ်ဆင်တဲ့အတွက်ကြောင့်၊ နောက်တစ်ခါ သဘော်ာနဲ့ထပ်မှာရပါတယ်။ သဘော်ာနဲ့ထပ်မှာပြီးတော့ အချိန်မီမရောက်လာတဲ့အခါရှိပါတယ်။ အဲ့ဒီတော့ ကျွန်မတို့က အစကတည်းက စာချုပ်ချုပ်ကတည်းက Percent ဘယ်လောက်ကို လုပ်ငန်းပြီးစီးမှပေးမယ်ဆိုပြီးတော့ လုပ်ထားတာရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့တိုင်းပြည်အတွက် ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဥပမာ 10 Percent, 15 Percent ချန်ပြီးတော့မှ ဒီလုပ်ငန်းရဲ့ပြီးစီးတဲ့ ဗမာလို ကျွန်မပြောလို့မရလို့ အင်္ဂလိပ်လိုပြောခွင့်ပြုပါ။ Final Acceptance Certificate ရှိပါတယ်။ အဲ့ဒီ Certificate ပေးမှ နောက်ဆုံးပိုက်ဆံကို ချေလို့ရပါတယ်။ အဲ့ဒီတော့ ကျွန်မတို့က 10 Percent, 15 Percent လောက်ချန်သော်လည်းပဲ ကျွန်မတို့ရဲ့ နစ်နာမှုဟာ တကယ်လို့ချန်တဲ့ပိုက်ဆံထက်တောင် အများကြီးနစ်နာပါတယ်။ တန်ဖိုးဖြတ်လို့မရအောင် မြင့်တဲ့ဟာတွေရှိပါတယ်။ အဲ့ဒီတော့ အဲ့လိုပစ္စည်းကို ထပ်မှာ ထပ်မှာတော့ ထပ်ပြီးထွက်လားဆိုတော့ တစ်ခါမထွက်ပြန်ဘူး။ အဲ့ဒီတော့ တစ်ခါ အဲ့လိုအကြိမ်ပေါင်းမြောက်များစွာနဲ့ အချိန်ကြာမြင့်စွာစောင့်နေရတဲကိစ္စတွေ အများကြီးရှိပါတယ်။ အဲ့ဒီတော့ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပြဿနာဖြစ်ရင် Arbitration Law ရှိတယ်ဆိုပြီး ဒီ Governing Law က တကယ့်တကယ်ကျတော့ ဒီလောက်ကြီး False မရှိ ပါဘူး။ Trade Disputes Act နဲ့သုံးရမှာပါ။ ဒါပေမယ့် ကျွန်မတို့မြန်မာပြည်မှာ သုံးနေတဲ့ Trade Disputes Act က Local မှာပဲသုံးလို့ရတယ်။ နိုင်ငံခြားကိုထွက်သွားပြီဆိုရင် ဘာမှလုပ်လို့မရပါဘူး။ ဟိုတလောက ကနေဒါတစ်ယောက် ထွက်ပြေးသွားပါပြီ။ ဒီ့အရင်ကလည်း ကိုရီးယားတစ်ယောက် ထွက်ပြေးသွားတော့ ကျွန်မတို့ဘာမှမတတ်နိုင်ဘဲ ဒီအတိုင်းကျန်ရစ်ခဲ့တာတွေ ရှိပါတယ်။ သာဓကေတွေ။ အဲ့ဒီတော့ ကျွန်မပြောတာက Luquid Damage နဲ့ပတ်သက်ရင် ဘာမှချစ်ကြည်ရင်းနှီးစရာမလိုဘူး။ ဥပဒေနဲ့လုပ်မယ်။ ကျွန်မတို့အတွက် နစ်နာမှု၊ ဆုံးရှုံးမှုတွေကို ဘယ်လို Redemption ဖြစ်အောင် ပြန်လုပ်မလဲဆိုတဲ့ နည်းနာတွေရှိပါတယ်။ အဲ့ဒီတော့ ဒီနည်းနာအတိုင်းလုပ်ဖို့အတွက် ဟိုးအရင်တုန်းကဆိုရင် ၁၉၅၆ ခုနှစ်လောက်ကဆိုလို့ရှိရင် Board & Corporation

အသစ်တွေဖွဲ့ကြပါတယ်။ ဖွဲ့တဲ့အခါကျတော့ အဲ့ဒီမှာ MDC ဆိုရင် ဒီသတ္တုနဲ့ပတ်သက်လို့ Maneral Development Corporation ဆိုတာရှိပါတယ်။ အဲ့ဒီ ၁၉၅၆ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်မတိုင်ခင် Board Corporation ဖွဲ့တဲ့လူကို ပြန်စစ်တဲ့အဖွဲ့ရှိပါတယ်။ အဲ့ဒီအဖွဲ့ရောရှိပါသလားလို့ မေးချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဇေယျာအောင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုလက်ရှိဆောင်ရွက်နေတဲ့ PSC စာချုပ်များနှင့်ပတ်သက်ပြီးတော့ ဒီစာချုပ်များဟာ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးဌာနများကနေပြီးတော့မှ သက်ဆိုင်ရာစာချုပ်စာတမ်း အသီးသီးကို လေ့လာပြီးတော့မှ ပြုစုထားတဲ့ စာချုပ်စာတမ်းဖြစ်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အတည်ပြုချက်ကိုရယူပြီးတော့ ဆောင်ရွက်ထားတဲ့ စာချုပ်စာတမ်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေမှာတော့ သက်ဆိုင်ရာ PSC စာချုပ်ချုပ်ဆိုတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများကသာလျှင် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလည်းအင်မတန်ကောင်းပါတယ်။ ဖြေတာလည်း လက်ရှိဆောင်ရွက်နေမှုကိုအားလုံးနားလည်သဘောပေါက်နိုင်အောင် ဖြေသွားတာဖြစ်ပါတယ်။ တစ်ခါ စပြီးတော့မေးတဲ့ ဒေါ်တင်နွယ်ဦးအနေနဲ့လည်း အရင်အတွေ့အကြုံတွေကို အခြေခံပြီးတော့ ဆွေးနွေးတဲ့အတွက် ဒါကိုလည်း ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းစဉ်းစားကောင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်မယ်ဆိုလို့ရှိရင် ခုနက ဒေါ်တင်နွယ်ဦး အဆိုပြုတင်ပြတဲ့ကိစ္စကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန အပါအဝင် အစိုးရအဖွဲ့အနေနဲ့လည်း အဓိကထားစဉ်းစားရမယ်လို့ ဒီလိုပဲ အကြမ်းဖျင်းသုံးသပ်ပါတယ်။ ဒါကြောင့် လိုအပ်မယ်ဆိုလို့ရှိရင်တော့ မေးခွန်းမေးတဲ့ ဒေါ်တင်နွယ်ဦးအနေနဲ့ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ လိုမယ်ဆိုရင် အဆိုသော်လည်းကောင်း သို့မဟုတ် တစ်ခုခုသော်လည်းကောင်း ဒီလိုဆောင်ရွက်မှသာလျှင် အစိုးရဘက်က ပိုပြီးလုပ်လို့ကိုင်လို့ကောင်းမယ့်အနေအထားရှိပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ ပြည့်စုံတဲ့အဆိုတစ်ခုကို တင်ခွင့်ပြုပါဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**မှုကြမ်း**

**လပွတ္တာ-ထိပ်စွန်းလမ်း စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို သိလိုခြင်းနှင့် ရေပေါ်ကြီး တံတား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည် တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီမေးခွန်းမေးရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်မတို့ငပုတောမြို့နယ်ဟာ ပင်လယ်ရဲ့ထွက်ပေါက်ဖြစ်ခြင်း၊ ရေလမ်းခရီး တစ်ခုတည်းကိုသာ အားထားအသုံးပြုနေရတဲ့ ပြင်ခရိုင်ကျွန်းမှာရှိနေကြတဲ့ ကျေးရွာအုပ်စု ခြောက် အုပ်စု၊ အလယ်ကျွန်းမှာရှိနေကြတဲ့ ကျေးရွာအုပ်စု ၁၆ အုပ်စုအတွက် အချိန်တိုအတွင်းမှာ ရာသီမရွေး သွားလာနိုင်တဲ့လမ်းတစ်ခုအဖြစ် ဒေသခံပြည်သူများရဲ့ လိုအပ်ချက်များအပေါ်မှာ တင်ပြမေးမြန်းရ ခြင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ လပွတ္တာ မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့လမ်းမကြီးကို လပွတ္တာ-ထိပ်စွန်းဆက်သွယ်ရေးလမ်းအဖြစ် နာဂစ် မုန်တိုင်းအပြီးမှာ ဒေသရဲ့လိုအပ်ချက်အရ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အခုအခါမှာ လမ်းမကြီးအချို့ နေရာတွေမှာ ကျောက်ချောလမ်းခင်းခြင်း၊ အချို့နေရာတွေမှာ ကျောက်ကြမ်းလမ်းခင်းခြင်းများကို ရေပေါ်ကြီးဆိုတဲ့ကျေးရွာအထိကို ဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ နယ်မြေကွင်းဆင်းခရီးစဉ် မှာ အဆိုပါလမ်းမကြီးရဲ့ ကျန်ရှိနေတဲ့ ရေပေါ်လေးတံတား၊ ရေပေါ်လေး-အထက်ပွန်- သစ်ပုတ်ထိပ် လမ်းနှင့် ငပုတော-လပွတ္တာ ဆက်သွယ်တဲ့လမ်းတွေကို ဘယ်အချိန်မှာ ဆောင်ရွက်ပြီးစီးမယ်ဆိုတာကို ဒေသခံပြည်သူများကသိရှိလိုခြင်း၊ ယခင်လမ်းစီမံကိန်းထဲမှာပါနေတဲ့ ရေပေါ်ကြီးတံတားကိုလည်း လမ်းကြောင်းပေါ်မှာ မရှိပေမယ့်လို့ ဇီးဖြူဆိပ်ကျွန်းပေါ်မှာရှိကြတဲ့ ကျေးရွာအုပ်စုလေးအုပ်စုရဲ့ ကုန်းလမ်းဆက်သွယ်ရေးအဖြစ် ဆက်လက်ဆောင်ရွက်မယ်ဆိုတာကိုလည်း သိရှိနေပါတယ်။ ဒါပေမယ့် လို့ ဒီကနေ့အထိ ဆောင်ရွက်ထားရှိတာကို မတွေ့ရှိရပါဘူး။

သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ (၁) လပွတ္တာ-ထိပ်စွန်းလမ်းကြီးရဲ့စီမံကိန်းမှာ လမ်းကြောင်းပုံကို မည်ကဲ့သို့ဆက်သွယ်ဖောက်လုပ်မည်။ (၂) ၎င်းစီမံကိန်းမှာ မည်သည့်နှစ်တွင်စတင်၍ မည်သည့်နှစ် တွင်ပြီးဆုံးမည်။ (၃) ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေမည်မျှချမှတ်၍ မည်သည့်လမ်းအပိုင်းကို

ဆောင်ရွက်မည်။ (၄) စီမံကိန်းလမ်းကြီးတစ်ခုလုံးအား ဆောင်ရွက်ရန် ရန်ပုံငွေမည်မျှ လျာထား ဆောင်ရွက်သည်။ (၅) ရေပေါ်ကြီးတံတား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ် ရှိပါက မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်။ မရှိပါက အဘယ့်ကြောင့်ဖြစ်သည်ဆိုတာကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်ခင်သန်းမြင့်မှ မေးမြန်းထားတဲ့မေးခွန်း ငါးခုကို ကျွန်တော် ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်(၁)ဖြစ်တဲ့ လပွတ္တာ-ထိပ်စွန်းလမ်းမကြီးစီမံ ကိန်းမှာ လမ်းကြောင်းပုံ မည်ကဲ့သို့ ဆက်သွယ်ထားတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ပိုမိုရှင်းလင်း စေရန်အတွက် Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ ကြည့်လိုက်လို့ရှိရင် ဒီလမ်းကြောင်းဟာ လပွတ္တာ-အုတ်တွင်း-ထိပ်စွန်းလမ်းဖြစ်ပါတယ်။ ဒီအပိုင်းကို ပြန်ကြည့်လို့ရှိရင် ဒီလမ်းဟာ ပထမဦးစွာ လပွတ္တာက စခဲ့တာဖြစ်ပါတယ်။ လပွတ္တာကစခဲ့သော်လည်းပဲ လပွတ္တာရဲ့အထွက် ၃ မိုင်လောက်မှာ သက္ကယ်သောင်မြစ်ကြီးနဲ့ သွားတွေ့တာဖြစ်ပါတယ်။ သက္ကယ် သောင်မြစ်က နှစ်မိုင်ခန့်ရှည်လျားတဲ့အတွက် ဒါကိုဖြတ်သန်းဖို့ လောလောဆယ် အခက်အခဲရှိနေ တာကြောင့် လမ်းကြောင်းပြောင်းခဲ့ရပါတယ်။ လပွတ္တာကနေပြီးတော့ အုတ်တွင်း-ထိပ်စွန်းဆိုရင် ၃၈ မိုင်ဖြစ်ပါတယ်။ ဒါ့ကြောင့် သက္ကယ်သောင်မြစ်ရဲ့ထိပ်ဖျားပိုင်းကို လိုက်သွားတာဖြစ်ပါတယ်။ လိုက်သွားတဲ့အခါမှာ ဒီနေရာကိုရောက်တဲ့အခါမှာ သက္ကယ်သောင်မြစ်က ပေ ၂၅၀၀ လောက်ပဲရှိတဲ့ အတွက် လမ်းကြောင်းကို ကျွန်တော်တို့ ဒီလိုပြောင်းလိုက်တဲ့အခါမှာ ကျောက်ဖျာကလေးဆိုတဲ့ နေရာက ပြန်စတာဖြစ်ပါတယ်။ ကျောက်ဖျာကလေးကနေပြီးတော့ ဒီထိပ်စွန်းအထိက စုစုပေါင်း ၅၅ မိုင် ၁ ဖာလုံရှိပါတယ်။ အဲ့ဒီတော့ ကျောက်ဖျာကလေးကို ရောက်သွားတဲ့အခါကျတော့လည်း လပွတ္တာ

ကိုပြန်လာဖို့အတွက် မိုင် ၂၀ လောက်ပြန်လာရတဲ့အတွက် ဒီကြားထဲမှာရှိနေတဲ့ ၇ မိုင် ၂ ဖာလုံ လပွတ္တာလာတဲ့လမ်းကိုလည်း ပြန်လည်ဆောင်ရွက်ပေးပါလို့ တင်ပြတဲ့အတွက် ဒီလမ်းကိုရော၊ ဒီလမ်းနှစ်ခုစလုံးကိုရော ဆောင်ရွက်ပေးလျက်ရှိတဲ့လမ်းကြောင်းဖြစ်ပါကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်လို့ ဒီလမ်းစီမံကိန်းကို ဘယ်နှစ်က စတင်ဆောင်ရွက်ပြီးတော့ ဘယ်နှစ်မှာ ပြီးဆုံးမယ်ဆိုတာနဲ့ပတ်သက်လို့ တင်ပြရရင် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်၊ ၃ ရက်မှာ ဖြစ်ပေါ်ခဲ့တဲ့ နာဂစ်မုန်တိုင်းအပြီးမှာ ဧရာဝတီတိုင်းဒေသကြီးမှာ နာဂစ်လမ်းတွေ စတင်ဆောင်ရွက်တာဖြစ်ပါတယ်။ စတင်ဆောင်ရွက်စဉ်မှာတော့ လမ်းပေါင်းငါးလမ်းကိုစတင် ဆောင်ရွက်တာဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့လိုအပ်ချက်အရ ထပ်မံပြီး တော့ဆက်သွယ်တဲ့လမ်း အားလုံးပေါင်း ၁၁ လမ်း ဆောင်ရွက်ပါတယ်။ ဒီလို ၁၁ လမ်း ဆောင်ရွက်တဲ့အခါမှာလည်း အဓိကအားဖြင့် ပင်လယ်နဲ့ ဆက်စပ်နေတဲ့ဒေသများဖြစ်တဲ့ ထိပ်စွန်းအပိုင်း၊ ပြင်စလူအပိုင်း ပြီးရင် ကဒုံကနီအပိုင်း၊ ပြီးရင် အမာအပိုင်းဆိုပြီးတော့ ဒီပင်လယ်နဲ့ထိစပ်နေတဲ့ အပိုင်းတွေကနေစပြီးတော့ အတွင်းကိုလမ်းများဖောက်လုပ်တာဖြစ်ပါတယ်။ ဒီလိုဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်ကလည်း နာဂစ်မုန်တိုင်းဖြစ်တဲ့အချိန်မှာ ပြည်သူများ အိပ်စရာမြေမရှိဆိုတာ အမှန်ပဲဖြစ်သွားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မုန်တိုင်းရဲ့ အရှိန်ကြောင့် ပင်လယ်ကရေများအားလုံးဟာ လွှမ်းခြုံသွားတဲ့အတွက် တစ်ပြင်လုံး ရေတွေဖြစ်သွားတဲ့အတွက် မြေလမ်းမရှိတော့ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဖြစ်ပေါ်လာတဲ့ ဒီလှိုင်းရဲ့အမြင့်အပေါ်မှာ နောက်ထပ် သုံးပေတင်ပြီးတော့ လမ်းတာများဖောက်လုပ်ပေးခြင်းဖြစ်ပါတယ်။ ဒီလမ်းဟာ အမှတ်(၄)လမ်းအနေနဲ့ စတင်ဖောက်လုပ်တဲ့ လပွတ္တာ-အုတ်တွင်း-ထိပ်စွန်းလမ်းဖြစ်ပြီးတော့ ဒီလမ်းကို ၂၀၁၄၊ မတ်လ ၃၁ ရက်နေ့အထိ အခြေအနေမှာတော့ ကတ္တရာလမ်း ၁၀ မိုင် ၃ ဖာလုံပြီးပါပြီ။ ဒီကတ္တရာလမ်း ၁၀ မိုင် ၃ ဖာလုံဆိုတာ  အုတ်တွင်းကနေ ထိပ်စွန်းအပိုင်းမှာ ၈ မိုင်ပြီးပါတယ်။ ဒီအပိုင်းမှာ ၂ မိုင် ၃ ဖာလုံပြီးတဲ့ အတွက် ၁၀ မိုင် ၃ ဖာလုံက ကတ္တရာလမ်းရှိပါတယ်။ အမာခံလမ်းက ၁၆ မိုင်နှင့် ၇ ဖာလုံရှိပြီးတော့ မြေလမ်းဟာ ၃၃ မိုင်နှင့် ၁ ဖာလုံရှိပါတယ်။ ဒါကိုလည်းပဲ ကတ္တရာအဆင့်အထိ မြှင့်တင်ခြင်းလုပ်ငန်းကို အနှစ်နှစ်ဆယ်စီမံကိန်းထဲမှာ ထည့်သွင်းရေးဆွဲထားပြီးတော့ နောက်ဆုံးဖြစ်တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးအောင် နှစ်စဉ်ရန်ပုံငွေများ ထည့်သွင်းဆောင်ရွက်ထားဖို့အတွက် စီစဉ်ဆောင်ရွက်ထားလျက်ရှိပါတယ်။

**မူကြမ်း**

ဆက်လက်ပြီးတော့ မေးခွန်းအမှတ်(၃)နဲ့ပတ်သက်ပြီး ယခုဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ဘယ်လောက်ချမှတ်ပြီးတော့ ဘယ်အပိုင်းဆောင်ရွက်မယ်ဆိုတာနဲ့ ပတ်သက်လို့တင်ပြရရင် ဒီနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၂၀၀ နဲ့ မိုင်တိုင် ၂၆ နဲ့ ၂၈ နဲ့ ၂ မိုင် ၂ ဖာလုံကို မြေလမ်းကနေပြီးတော့ အမာခံလမ်းအဆင့်အထိ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ မေးခွန်းအမှတ်(၄)ဖြစ်တဲ့ စီမံကိန်းကြီးတစ်ခုလုံး ဆောင်ရွက်ရန် ရန်ပုံငွေမည်မျှ လျာထားပါသလဲ ဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး တင်ပြရရင် လမ်းကြီးတစ်ခုလုံး ကတ္တရာလမ်းဖြစ်သွား ဖို့ဆိုရင်တော့ ကျွန်တော်တို့ရဲ့ထပ်မံလိုအပ်တဲ့ရန်ပုံငွေဟာ ကျပ်သန်းပေါင်း ၁၄၈၇၇ သန်း ထပ်မံလိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မေးခွန်းအမှတ်(၅)ဖြစ်တဲ့ ရေပေါ့ကြီးတံတား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး တင်ပြရရင် ဒီမှာ ရေပေါ့ကြီးတံတားက ဒီနေရာမှာရှိတာဖြစ်ပါတယ်။ ဒီတံတားဟာ တကယ်တော့ ဒီဖက် လပွတ္တာကိုဆက်သွယ်တဲ့လမ်းပေါ်မှာရှိလို့ ပထမ ချန်လှပ်ထားခဲ့ပါတယ်။ သို့သော်လည်းပဲ ဒေသအာဏာပိုင်နဲ့ပြန်လည်ညှိနှိုင်းတဲ့အခါမှာ ဒေသအစိုးရအဖွဲ့က လိုအပ်ပါတယ်။ ဒါလေးက လပွတ္တာသွားရင် ဖြတ်လမ်းဖြစ်တဲ့အတွက် သက္ကယ်သောင်ကို ဇတ်နဲ့ကူးပါမယ်လို့ ဒါကို တင်ပြလာတဲ့အတွက် ဒီတံတားကို ပြန်လည်တည်ဆောက်ပါတယ်။ တည်ဆောက်တဲ့အတွက် အောက်ပိုင်း Sub Structure တွေအားလုံးပြီးပါပြီ။ အပေါ်ပိုင်းမှာကျန်တဲ့ Super Structure ကို ဒီနှစ်မှာ သန်း ၃၀၀ ထည့်ပြီးတော့ ဒီနှစ်အပြီးဆောင်ရွက်မှာဖြစ်ပါကြောင်း တင်ပြပါတယ်။ ဒီ့အပြင် ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ဒီနားမှာရှိတဲ့ မိုင်တိုင် ၂၃ မှာရှိတဲ့ ရေပေါ့လေးတံတားကိုလည်းပဲ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ရန်ပုံငွေထည့်သွင်းပြီးတော့ ဆောင်ရွက်ပါ့မယ်။ ထို့အပြင် လပွတ္တာနဲ့ငပုတော ကိုဆက်သွယ်တဲ့လမ်းပေါ်မှာရှိတဲ့ သက္ကယ်သောင်မြစ်ကိုဖြတ်တဲ့ ပေ ၂၅၀၀ အရှည်ရှိတဲ့ ဒီတံတား ကိုလည်းပဲ အခုအချိန်မှာ ကွင်းဆင်းဆောင်ရွက်ပြီးတော့ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက် လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မင်္ဂလာဒုံမြို့နယ်ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် ဆရာဝန်အင်အား၊ ဝန်ထမ်းအင်အား၊ ဆေးရုံသုံးပစ္စည်း တိုးချဲ့ပေးရန်နှင့် မန္တလေးမြို့၌ အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ အထက်မြန်မာနိုင်ငံ မန္တလေးမြို့မှာ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတစ်ခုတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံဟာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ မင်္ဂလာဒုံနဲ့ မရမ်းကုန်းတို့၌သာရှိနေပါတယ်။ မြန်မာနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် ခြေပြတ်လက်ပြတ်လူနာများဟာ ပြန်လည်သန်စွမ်းအောင်ကုသခြင်း၊ လေ့ကျင့်ခြင်း၊ ခြေတုလက်တုများ တပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာလည်းပဲ ဤဆေးရုံများကို အားထားနေကြရပါတယ်။ သို့သော် လူနာအင်အားနဲ့ ကုသနိုင်မှုအင်အားဟာ မျှတမှုမရှိလို့ ကြားသိရပါတယ်။ အချိန်များစွာ၊ ရက်များစွာ၊ လရှည်ကြာတတ်ပါသည်။ ထို့ကြောင့် မေးခွန်းနှစ်ခုကို မေးလိုပါတယ်။ ပထမမေးခွန်းကတော့ ဤလက်ရှိဆေးရုံများအား ဆရာဝန်အင်အား၊ ဝန်ထမ်းအင်အား၊ ဆေးရုံပစ္စည်းအင်အား တိုးချဲ့ပေးဖို့ အစီအစဉ်ရှိ/မရှိသိလိုပါတယ်။

ဒုတိယမေးလိုတဲ့အချက်ကတော့ မြန်မာနိုင်ငံအထက်ပိုင်းမှာ ရှိတဲ့လူနာများဟာ ရန်ကုန်မြို့မှာရှိတဲ့ ဆေးရုံများကို လာရသွားရခရီးဝေးလွန်းခြင်း၊ ရက်များစွာ နေထိုင်ကုသအတုများ တပ်ဆင်ပြီးတော့ လေ့ကျင့်ခန်းလုပ်ရခြင်းအတွက် ရက်၊ လများစွာ ကြာမြင့်တတ်ခြင်း၊ ငွေကြေးချို့တဲ့သူများအဖို့ လာရောက်ကုသနိုင်ဖို့ မစဉ်းစားနိုင်တော့ခြင်းစသည်စသည် အကြောင်းကြောင်းကြောင့် မြန်မာပြည်အထက်ပိုင်းမှ လူနာများအတွက် မန္တလေးမြို့မှာ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတစ်ခု အမြန်ဆုံးဆောက်လုပ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ မိမိမှ ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဗဟိုအဆင့်ဆေးရုံများ၊ အရိုးရောဂါကုဆေးရုံများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ဆေးရုံတွေ ခုတင် ၂၀၀ ဆံ့ ခရိုင်အဆင့်ဆေးရုံများမှာ အထူးကုဆရာဝန်ကြီးများ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး) လေးဦး၊ အထူးကုဆရာဝန် (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး)ဆရာဝန် ၂၁ ဦး၊ လက်ထောက်ဆရာဝန် (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး) ၁၇ ဦး စုစုပေါင်း ၄၂ ဦးကိုခန့်ထားပြီး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ယခုတင်ပြပါ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ(သမိုင်း)တွင် အထူးကုဆရာဝန်ကြီး(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး) တစ်ဦးနှင့် လက်ထောက်ဆရာဝန် (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး)တစ်ဦးဟာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ လက်ရှိဖွင့်လှစ်နေတဲ့ ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး) သင်တန်းပြီးဆုံးပါက လစ်လပ်သွားမယ့် လက်ထောက်ဆရာဝန်နှစ်ဦးနေရာအတွက် ဦးစားပေးပြီး ခန့်အပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ယခုအခါမှာ သူနာပြုဆရာမကြီး ခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦး၊ သူနာပြုခွင့်ပြုသုံး ဦး၊ ခန့်ထားသုံးဦး ဖြစ်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေရောဂါကုဆေးရုံနဲ့ သင်ကြားရေးဆေးရုံတွေဖြစ်တဲ့ မြောက်ဥက္ကလာပအထက်ဆေးရုံမှ အထက်တန်းသူနာပြု လေးဦးကို တွဲဘက်ခန့်ထားပြီးတာဝန်ချထားပေးလျက်ရှိကြောင်း တင်ပြပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမှာရှိတဲ့ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံဟာ ယခု ခုတင် ၁၀၀ ဆံ့ ဆေးရုံအဆင့်သာဖြစ်ပြီး၊ ခွင့်ပြုအင်အား ၁၀၁ ဦးဖြင့် ဖွဲ့စည်းပုံအဟောင်းဖြင့် လုပ်ငန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆေးရုံရဲ့လုပ်ငန်းတွေကို ငါးနှစ်စာ စာရင်းဇယားတွေနဲ့ ပြန်လည်ဆန်းစစ်တဲ့အခါမှာ ဆေးရုံမှာရှိတဲ့ လူနာ၊ ပြင်ပလူနာက နှစ်အလိုက်တိုးတက်လာတာတွေ့ရပါတယ်။ တစ်နေ့ပျမ်းမျှ အတွင်းလူနာ ၄၃ ဦး ရှိကာ ခွင့်ပြုခုတင်အသုံးချမှုဟာ ၇၀ ရာခိုင်နှုန်း၊ ၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် လောလောဆယ် ခုတင်ကိုတိုးမြှင့်ရန် မလိုသေးဟုသုံးသပ်ပြီးရှိပြီးသား ခုတင် ၁၀၀ ဆေးရုံကို စံကိုက်ဖွဲ့စည်းပုံအင်အား ၂၀၁ ဦးဖြင့် ဆောင်ရွက်ရင်အဆင်ပြေမယ်လို့သုံးသပ်ပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင်

အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကို လာရောက်တဲ့လူနာတွေကိုလည်း မိမိတို့ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး တင်ပြ လိုတာကတော့ မေးခွန်းပါမန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ ခြေပြုနှင့်အားပြုကိရိယာ ဌာနစိတ်ရှိပါတယ်။ တင်ပြပါဌာနစိတ်မှာ လူနာသစ်ငါးဦး ကုသပြီးလူနာ ငါးဦးရှိသဖြင့် ဆေးရုံအသစ် ဖွင့်လှစ်ရန် မလိုသေးပါဟုစီစဉ်မိပါတယ်။

တစ်ဖန် မန္တလေးမှာပဲသင်ကြားရေးဆေးရုံဖြစ်တဲ့ ခုတင် ၃၀ နှင့် မန္တလေးအရိုးကုဆေးရုံကြီး ဆိုတာရှိပါတယ်။ ထိုဆေးရုံများမှာလည်း အကြောအဆစ်ရောဂါ၊ ပြန်လည်သန်စွမ်းရေး ဌာနများရှိရာ ၎င်းဌာနများမှာ ကျွမ်းကျင်ဆရာဝန်များ၊ ကျွမ်းကျင်သူနာပြုများ၊ ဆေးရုံသုံးပစ္စည်းများကို တိုးချဲ့ပြီး တော့ ခန့်အပ်ရန်စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် မင်္ဂလာဒုံတပ်မြို့မှာ ဖွင့်လှစ်ထားတဲ့ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဆေးရုံ ၏အမည်မှာ တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ ခုတင် ၃၀၀ ဖြစ်ပါတယ်။ တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံခုတင် ၃၀၀ ဟာ ထိရောက်တဲ့ကုသမှုကို ပေးနိုင်ပါတယ်။ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနဲ့ ဝန်ထမ်းများ၊ ဆေးဝါးပစ္စည်းကိရိယာများ ဖြည့်တင်းတပ်ဆင်ထားပြီးဖြစ်တဲ့အတွက် တပ်မတော်သား လူနာများအတွက် ပြည့်စုံလုံလောက်မှုရှိပြီး ဖြစ်ရာ မန္တလေးတွင် ထပ်မံဖွင့်လှစ်ရန်အတွက်မလိုပါလို့ ကျွန်တော်ပြန်လည်တင်ပြဖြေကြားလိုပါ တယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရွှေ့လျားနိုင်သော ပစ္စည်း ကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုး စီးပွားများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့လာသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့်ဆိုင်ရာ နိုင်ငံတကာအကျိုး စီးပွားဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ဖြစ်သော ၁၀-၆-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ

၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လို သည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကိုတိကျစွာ ရေးသားဖော်ပြ၍ ၁၆-၆-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူတဲ့သူ မရှိတဲ့အတွက် ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့်လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များ ဆိုင်ရာနိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့်သဘောတူကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်(ကြာသပတေးနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မှူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၄) ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]